# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 20, 2024 Volume 81, Number 14


၂၀.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၂၇.၀ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၅.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၃၀.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၃.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၇၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၀.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၄၁၂ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ဒေသထွက်သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေကပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ထွက်ရှိသော သခွားသီးများ ယခုလပထမပတ်မှစ၍ ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသမှထွက်ရှိသည့် သခွားသီးများ တစ်ရက်လျှင် အလုံးရေ ၁၇,၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေ ကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကထွက်တဲ့ သခွားသီးတွေ ဝယ်ယူမှုများပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ ကျောင်းကုန်းမြို့နယ်နဲ့ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ လက်ရှိမှာ တစ်ရက်ကို သခွားသီးအလုံးရေ ၁၇,၅၀၀ ထိ ရောင်းချနေရပါတယ်။ ဒေသထွက် သခွားသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ဒေသမှာ လက်ရှိသခွားသီးတွေက အရည်အသွေး ကောင်းသလို အထွက်နှုန်းလဲကောင်းမွန်ပါတယ်"ဟု ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေကပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် သခွားသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၈၀၀ ခန့် ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် သခွားသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် ကုလားပဲနှင့်ပဲနီပြား အရောင်းအဝယ်ကောင်းမွန်လာ

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့်ပဲနီပြားအရောင်းအဝယ်ကောင်းမွန်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ကုလားပဲနှင့် ပဲနီပြားအမျိုးအစားများ ပြည်တွင်းဈေးကွက်အတွင်း ယခင်ကပုံမှန်အတိုင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ လက်ရှိတွင် ကုလားပဲနှင့် ပဲနီပြားကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်မှာလည်း ပြန်ကောင်းမွန်လာကြောင်းသိရသည်။

"ကုလားပဲနဲ့ပဲနီပြားတွေ အရောင်းအဝယ်ပြန်ဖြစ်နေတဲ့အပြင် ဂျုံ၊ တရုတ်ပဲကြီးတွေလဲ ဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ပြီးကောင်းနေတယ်။ ပြောင်း၊ ပဲတီစိမ်းတွေက ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ (V2 ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀၊ ကုလားပဲ (TW) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅,၀၀၀ ၊ ကုလားပဲ (929) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၅,၀၀၀ ၊ ပဲနီပြား သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၅၀,၀၀၀ ပေါက်ဈေးရှိကြောင်းသိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၁၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၁၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ပြောသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လက ဒေသထွက် ငါးပိမျိုးစုံပိဿာချိန် ၁၁၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ငါးပိမျိုးစုံ ပိဿာချိန် ၁၈၅,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုများပြားနေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်ခဲ့ကြောင်းသိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လ တစ်လအတွင်း ပိဿာချိန် ၁၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေထွက်ရှိတဲ့ ငါးပိတွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချတာဖြစ်ပါတယ်။ လက်ရှိ ဩဂုတ်လထဲမှာလည်း ငါးပိတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများလာတော့ အလုပ်အကိုင်အခွင့်အလမ်းလဲ ကောင်းမွန်လာပါတယ်။ လက်ရှိ ငါးပိတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေဘက်ကပါ မှာယူနေပါတယ်" ဟု ဖျာပုံမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသန်းကပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း အများဆုံး တင်ပို့ရောင်းချခဲ့သော ငါးပိမျိုးစုံသည် ငါးရံ့ ငါးပိ၊ ငါးခုံးမ ငါးပိ၊ ဂျပန်ငါး ငါးပိ၊ ငါးပနော် ငါးပိ၊ ငါးပြေမ ငါးပိစသည့် ရေချိုငါးပိများဖြစ်ကြကြောင်း၊ အဆိုပါ ငါးပိများမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၁,၀၀၀ မှ ၄၅,၀၀၀ ထိ အမျိုးအစားလိုက် ပေါက်ဈေးရှိကြောင်း ဖျာပုံမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသန်းထံမှသိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## မလေးရှားနိုင်ငံ၏ စားအုန်းဆီလက်ကျန်နည်းပါးမှု ပြန်လည်မြင့်တက်ဖွယ်ရှိ



မလေးရှားနိုင်ငံ၏ စားအုန်းဆီ လက်ကျန်ပမာဏသည် မကြာသေးမီက ကျဆင်းလာခဲ့ပြီးနောက် လာမည့်လများအတွင်း ပြန်လည်တိုးလာနိုင်ပြီး တန်ချိန် နှစ်သန်းအထိ ရောက်ရှိနိုင်ခြေရှိသည်ဟု ဈေးကွက်သုတေသနအဖွဲ့များက ခန့်မှန်းတွက်ချက်လျက်ရှိကြောင်း မလေးရှားအခြေစိုက် Bernama သတင်းဌာနက ဩဂုတ်လ ၁၃ ရက်တွင် ဖော်ပြသည်။ မလေးရှားနိုင်ငံ၏ စားအုန်းဆီလက်ကျန်မှာ ၂၀၂၄ ခုနှစ်၊ မတ်လနောက်ပိုင်း ပထမဆုံးအကြိမ် ကျဆင်းလျက် ဇူလိုင်လတွင် တန်ချိန် ၁ ဒသမ ၇၃ သန်း ခန့်သာရှိပြီး

ယခင်လ လက်ကျန် ပမာဏနှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၄ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

ဆီအုန်းစိုက်ခင်းကဏ္ဍ၏ အလားအလာမှာ ပုံမှန်အခြေအနေအတိုင်းရှိမည်ဟု ၎င်းတို့၏ သုံးသပ်မှုအား ဆက်လက်ထိန်းသိမ်းလျက် စားအုန်းဆီလက်ကျန်ပမာဏမှာ ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုဘဏ်များဖြစ်သည့် Hong Leong Investment Bank, RHB Investment Bank နှင့် Maybank Investment Bank တို့မှ သုတေသနပညာရှင်များက ဩဩဂုတ်လ ၁၃ ရက် ထုတ်ပြန်သည့် ခန့်မှန်းချက်များတွင် ဖော်ပြသည်။

သီးနှံစိုက်ပျိုးမှုပုံစံတွင် ရာသီအလိုက်တိုးတက်လာခြင်းကြောင့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် စားအုန်းဆီသိုလှောင်မှုလက်ကျန်ပမာဏသည် ပြန်လည်တိုးတက်လာဖွယ်ရှိမည်ဟု မျှော်လင့်ကြကြောင်း၊ သို့သော် ပဲပုပ်ဆီဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းကွာဟချက်နည်းပါးမှုကြောင့် စားအုန်းဆီတင်ပို့မှုမှာ အားနည်းသွားဖွယ်ရှိကြောင်း၊ အဓိကတင်သွင်းသည့် နိုင်ငံများတွင် ဆီလက်ကျန်နည်းပါးခြင်းနှင့် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်းကောင်းမွန်ခြင်းတို့ကြောင့် ဇူလိုင်လ၌ စားအုန်းဆီတင်ပို့မှုသည် ၃၉ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လျက် တန်ချိန် ၁ ဒသမ ၆၉ သန်းအထိ မြင့်တက်ခဲ့ကြောင်း Hong Leong ရင်းနှီးမြှုပ်နှံမှုဘဏ်က မှတ်ချက်ပြုခဲ့သည်။

ဇူလိုင်လ၌ မလေးရှားနိုင်ငံမှ စားအုန်းဆီကို အာဖရိက၊ တရုတ်၊ ဥရောပသမဂ္ဂ၊ အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများသို့ အများဆုံးတင်ပို့ခဲ့ကြောင်း၊ ဩဂုတ်လ ပထမ ၁၀ ရက်အတွင်း တင်ပို့မှုသည် ယခင်လ ကာလတူတင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်ပါက ၁၂ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အိန္ဒိယနှင့်အရှေ့အလယ်ပိုင်းသို့ တင်ပို့မှုနည်းပါးခြင်းကြောင့် တန်ချိန် ၄၇၀,၇၀၀ သို့ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ကုန်တင်စစ်တမ်းကောက်ယူသူ Intertek Services ကုမ္ပဏီ၏စစ်တမ်းတွင် ဖော်ပြသည်။

RHB ရင်းနှီးမြှုပ်နှံမှုဘဏ်က လာနီညာကဲ့သို့ ကြိုတင်မမျှော်မှန်းနိုင်သော ရာသီဥတုဖြစ်စဉ်များကို တုံ့ပြန်တားဆီးနိုင်ခြင်းဖြင့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း တန်ချိန် ၂ သန်းကျော်ရှိလာနိုင်ကာ ကုန်လက်ကျန်ပမာဏများ တဖြည်းဖြည်းတိုးတက်လာမည်ဟုမျှော်လင့်ပါကြောင်း၊ မလေးရှား စားအုန်းဆီကြမ်း (CPO) အတွက် သင်္ဘောပေါ်အရောက် FOB ဈေးနှုန်းသည် ၂၀၂၄ ခုနှစ်အတွက် တစ်တန်လျှင် မလေးရှားရင်းဂစ် ၃၉၀၀ နှင့် ၂၀၂၅ ခုနှစ်အတွက် တစ်တန်လျှင် မလေးရှားရင်းဂစ် ၃၈၀၀ ရှိမည်ဟူသော ခန့်မှန်းချက်ကို ဆက်လက် ထိန်းသိမ်းထားပါကြောင်း ပြောဆိုသည်။

ဩဂုတ်လအတွင်း တင်ပို့မှုအားနည်းနေမည်ဟု ယူဆမှုနှင့်အတူ ဆီလက်ကျန်ပမာဏ ပိုမိုမြင့်တက်ပြီး လကုန်၌ တန်ချိန် ၁ ဒသမ ၉ သန်း ရှိနိုင်မည်ဟု မျှော်မှန်းရကြောင်း၊ စားအုန်းဆီထုတ်လုပ်မှု အမြင့်မားဆုံးကာလဖြစ်သည့် ဩဂုတ်လမှ အောက်တိုဘာလအထိ သိုလှောင်မှုလက်ကျန် ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း၊ ရှေ့လာမည့် နှစ်လအတွင်း စားအုန်းဆီကြမ်း ဈေးနှုန်းများအပေါ် ရာသီအလိုက် ဖိအားသက်ရောက်မှုရှိမည်ဟု ခန့်မှန်းရသော်လည်း စားအုန်းဆီကြမ်း တစ်တန်လျှင် ပျမ်းမျှရောင်းဈေးသည် ၂၀၂၄ ခုနှစ်၌ ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လျက် မလေးရှားရင်းဂစ် ၃၈၅၀ နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ပြီး မလေးရှား ရင်းဂစ် ၃၇၀၀ နှုန်းရှိနိုင်ကြောင်း Maybank ရင်းနှီးမြှုပ်နှံမှုဘဏ်က ပြောကြားခဲ့သည်။

Public Investment Bank က တစ်နှစ်ပတ်လုံး စားအုန်းဆီထုတ်လုပ်မှု၏ ၅၅ ရာခိုင်နှုန်းဖြစ်သော တန်ချိန် ၁၉ ဒသမ ၅ သန်းကို ၂၀၂၄ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၇ လအတွက် ထုတ်လုပ်မှုသည် ယခင်နှစ်ကာလတူထက် ၁၀ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လျက် တန်ချိန် ၁၀ ဒသမ ၇ သန်း ရှိခဲ့ကြောင်း၊ မလေးရှားကျွန်းဆွယ်၌ ထုတ်လုပ်မှု ပိုမိုအားကောင်းလာပြီး ၁၃ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ အရှေ့မလေးရှားတွင် တိုးတက်မှု ၁၅ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ လာမည့် အစီရင်ခံစာများတွင် စားအုန်းဆီ လက်ကျန်အခြေအနေအပါအဝင် ပျမ်းမျှရောင်းဈေးနှုန်းများ (Average Selling Prices-ASPs)၊ တစ်ယူနစ်ကုန်ကျစရိတ်နှင့် ထုတ်လုပ်မှုအခြေအနေတို့ကို ထည့်သွင်းသုံးသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Source: Bernama , 13th Aug, 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source:** https://www.doca.gov.mm

## စင်ကာပူဈေးကွက်သို့ ဝင်ရောက်နိုင်ရေး ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ် ကြိုးပမ်း



ကမ္ဘောဒီးယားနိုင်ငံမှ စင်ကာပူနိုင်ငံသို့ ဆန်တင်ပို့မှု သိသာစွာတိုးမြှင့်ရန် ရည်ရွယ်လျက် ကာလရှည် ဆန်ထောက်ပံ့မှု သဘောတူညီချက်တစ်ရပ်ကို ထူထောင်နိုင်ရန် ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းချုပ် (CRF) နှင့် စင်ကာပူနိုင်ငံ၏ အကြီးဆုံး လက်လီရောင်းချမှုလုပ်ငန်းများအနက် တစ်ခုဖြစ်သည့် NTUC FairPrice Group တို့အကြား ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆန်စပါးသဘောတူညီချက်နှင့်စပ်လျဉ်း၍ ကမ္ဘောဒီးယားနိုင်ငံဆန်စပါးအသင်းချုပ်၏ဥက္ကဋ္ဌ Chan Sokheang သည် စင်ကာပူနိုင်ငံ NTUC Fairprice Group ၏ သီးခြားဒါရိုက်တာတစ်ဦးဖြစ်သည့် Ho Wah Lee နှင့် ဖနွမ်းပင်မြို့တွင်တွေ့ဆုံခဲ့ကြောင်း၊ NTUC FairPrice သည် စင်ကာပူနိုင်ငံ၌ ဆူပါမားကက်ဆိုင်ခွဲများ ဖွင့်လှစ်ရောင်းချသည့် အကြီးဆုံးလုပ်ငန်းဖြစ်ပြီး အမျိုးသားကုန်သည်လုပ်ငန်းရှင်များသမဂ္ဂ (National Trades Union Congress–NTUC) ၏ သမဝါယမကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းစုသည် စင်ကာပူနိုင်ငံတစ်ဝန်းတွင် ဆူပါမားကက်ပေါင်း ၁၀၀ ကျော်နှင့် ၂၄ နာရီကာလပတ်လုံး ဖွင့်လှစ်ရောင်းချသည့် Cheers convenience စတိုးဆိုင်ခွဲ ပေါင်း ၁၆၀ ကျော် ရှိကြောင်း သိရသည်။

စင်ကာပူနိုင်ငံသည် စိုက်ပျိုးထုတ်လုပ်ရန် မြေနေရာအကန့်အသတ်ရှိပြီး ၎င်း၏ စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် သွင်းကုန်များအပေါ် ကြီးမားစွာ အမှီပြုနေရမှုနှင့်အတူ ကုန်သွယ်မှုကိုချဲ့ထွင်ရန်နှင့် ရေရှည်တည်တံ့သော မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်နိုင်မည့်နည်းလမ်းများကို နှစ်နိုင်ငံလုံးရှိ လုပ်ငန်းရှင်များက ရှာဖွေနေကြသည်။ စင်ကာပူနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံမှုရှိစေရေး တစ်စိတ်တစ်ပိုင်းအနေဖြင့် ရေရှည်တည်တံ့သော မိတ်ဖက်ပူးပေါင်းမှု အစီအစဉ်ကို ချမှတ်နိုင်ရန် ယခုဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။

ဆန်တင်ပို့ရမှုပမာဏမှာ နည်းပါးသော်လည်း စင်ကာပူနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်တင်ပို့ရန် ရည်မှန်းသည့်နိုင်ငံများထဲမှတစ်ခုဖြစ်ကြောင်း CRF အထွေထွေအတွင်းရေးမှူး Lun Yeng က ဩဂုတ်လ ၈ ရက်တွင် Khmer Times သို့ ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံနှင့်စင်ကာပူနိုင်ငံတို့အကြား ကာလရှည် ပူးပေါင်းဆောင်ရွက်မှုအောင်မြင်ပါက ဒေသတွင်း စိုက်ပျိုးရေးကုန်သွယ်မှုအတွက် စံနမူနာတစ်ခုဖြစ်လာနိုင်ကြောင်းနှင့် ၎င်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ ပို့ကုန်ဈေးကွက်များ တိုးချဲ့နိုင်ရေးနှင့် သမားရိုးကျ ကုန်သွယ်ဖက်များအပေါ် မှီခိုအားထားမှုကို လျှော့ချနိုင်ရေး ကြိုးပမ်းမှုများကိုလည်း အထောက်အကူဖြစ်စေမည် ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမခြောက်လအတွင်း ဆန် ၃၃၈,၆၅၄ တန် တင်ပို့ခဲ့ပြီး ယခင်နှစ် ကာလတူထက် ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း CRF ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ အာဆီယံအဖွဲ့ဝင် ၇ နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅၁ သန်း တန်ဖိုးရှိသော ဆန်တန်ချိန် ၇၄,၅၅၄ တန်ကို တင်ပို့နိုင်ခဲ့ကြောင်း၊ ပြည်ပသို့ တင်ပို့သည့် ဆန်အမျိုးအစားများမှာ ဆန်မွှေး၊ ဆန်ဖြူ ပေါင်းဆန်နှင့် အော်ဂဲနစ်ဆန်များ ပါဝင်ကြောင်း သိရသည်။

**Source: Khmer Times, 9 Aug 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source:** https://www.doca.gov.mm

## အိန္ဒိယဈေးကွက်၌ သဘာဝရော်ဘာဈေးနှုန်းများ စံချိန်တင်မြင့်တက်



အိန္ဒိယနိုင်ငံ ကီရာလာ (Kerala) ပြည်နယ်၌ ရော်ဘာဈေးနှုန်းမှာ မြင့်တက်လျက်ရှိကြောင်း၊ ရော်ဘာဘုတ်အဖွဲ့၏ ထုတ်ပြန်ချက်အရ RSS အဆင့် ၄ မှိုင်းခံရော်ဘာပြားများ၏ တစ်ကီလိုဂရမ်ဈေးနှုန်းမှာ ၂၄၇ ရူပီးရှိပြီး အဆိုပါ ဈေးနှုန်းသည် ၂၀၁၁ ခုနှစ် ဧပြီ ၅ ရက်တွင် စံချိန်တင် ရရှိခဲ့သည့် ၂၄၃ ရူပီး ထက်ကျော်လွန်မှုရှိခဲ့ကြောင်း၊ Kottayam မြို့ရှိ ကုမ္ပဏီတစ်ခုမှ ရော်ဘာပြားများကို ၂၅၅ ရူပီးနှုန်းပေး၍ ဝယ်ယူနေသည့်အတွက် ရော်ဘာသမိုင်းတစ်လျှောက် အမြင့်ဆုံးဈေး ပေးဝယ်ယူနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ကုန်သည်များက တရားဝင်ထုတ်ပြန်သည့် ရော်ဘာ တစ်ကီလိုဂရမ်၏ ဈေးနှုန်းမှာ ၂၄၂ ရူပီးရှိသည်။ နိုင်ငံတကာဈေးနှုန်းနှင့် အိန္ဒိယဈေးကွက်အကြား ဈေးနှုန်းကွာဟချက် ၄၄ ရူပီး ရှိနေပြီး ဘန်ကောက်ဈေးကွက်တွင် ရော်ဘာတစ်ကီလိုဂရမ်ဈေးနှုန်းသည် ၂၀၃ ရူပီးရှိကြောင်း သိရှိရသည်။ ဈေးနှုန်းများမြင့်တက်လာမှုသည် စိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုရှိပြီး မိုးရွာသွန်းမှု အလွန်နည်းပါးသော တောင်ပိုင်းဒေသရှိ ခရိုင်များတွင် ရော်ဘာအစေးခြစ်ခြင်းကို အရှိန်မြှင့်တင်လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

ရော်ဘာဘုတ်အဖွဲ့၏ ပြောကြားချက်အရ မှိုင်းခံရော်ဘာပြားများသည် စီးပွားရေးတွက်ခြေကိုက်မှုရှိသည့်အတွက် စိုက်ပျိုးသူများအနေဖြင့် ရော်ဘာအစေး (Latex) မှ ရော်ဘာအပြားရရှိအောင် ထုတ်လုပ်သင့်ကြောင်း၊ ရော်ဘာအစေးအနေဖြင့်လည်း ဈေးကောင်းရရှိသည့် မှတ်တမ်းရှိကြောင်း စသည်ဖြင့်သိရှိရသည်။

ခြောက်သွေ့ရော်ဘာပါဝင်မှု (DRC) ၆၀ ရာခိုင်နှုန်းပါဝင်သည့် ရော်ဘာစေးဈေးနှုန်းမှာ ၁၇၃ ရူပီးဖြစ်ပြီး၊ ၇၅ နှစ်သက်တမ်းရှိပြီဖြစ်သည့် အိန္ဒိယရော်ဘာဈေးကွက်၏သမိုင်းတွင် အမြင့်ဆုံးဈေးနှုန်းဟု ဆိုရမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ရော်ဘာတစ်ကီလိုဂရမ်ဈေးနှုန်းသည် ၁၉၅၀ ပြည့်နှစ်တွင် ၃ ရူပီး ထိရှိခဲ့သည်။ ရာစုနှစ်တစ်ခု၏ ထက်ဝက်အကြာထိ ရော်ဘာဈေးနှုန်းသည် ၁၀ ရူပီး အောက်၌သာ ဆက်လက်ရှိနေခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ၁၀ ရူပီးနှုန်းသို့ ရောက်ရှိခဲ့ပြီး ၂၀၀၈ ခုနှစ်သို့ရောက်မှသာ ရူပီး ၁၀၀ နှုန်းထားကို ကျော်လွန်ရောက်ရှိလာခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**Source: Mathrubhumi, 10 August 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source:** https://www.doca.gov.mm

## ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံမှ ပို့ကုန်အမှာစာများ ပိုမိုရရှိ

တရုတ်နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ ပို့ကုန်အမှာစာများ တိုးမြင့်ရရှိလျက်ရှိပြီး ထင်ရှားသော ပို့ကုန်ဝယ်လိုအားများ တိုးလာကြောင်း The Voice of Vietnam အွန်လိုင်းသတင်းဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၅ ဘီလီယံတန်ဖိုးရှိ ဖုန်းများတင်ပို့ခဲ့ပြီး ၁၈ ရာခိုင်နှုန်းတိုးလာကြောင်း၊ ကွန်ပျူတာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄ ဘီလီယံဖိုး တင်ပို့ခဲ့ပြီး ၅၇ ရာခိုင်နှုန်းတိုးလာကြောင်း၊ ရော်ဘာ အမေရိကန်ဒေါ်လာ ၁၇၃ သန်းဖိုးတင်ပို့ခဲ့ပြီး ၁၂၄ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် ၇ ဒသမ ၅ ရာခိုင်နှုန်းတိုးလာပြီး အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၄ ဘီလီယံရရှိကာ ယခင်နှစ် အလားတူကာလထက် ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ တိုးမြင့်လာခဲ့သည်။ အထူးသဖြင့် သစ်နှင့်သစ်ပါးလွှာ တင်ပို့မှုသည် ၄၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ရှိကြောင်း သိရသည်။

ကင်မရာများ၊ ကင်မရာများနှင့် အစိတ်အပိုင်းများ တင်ပို့မှုမှာ ၈၅ ရာခိုင်နှုန်းရှိပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၃ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက် တင်ပို့မှုမှာ ၂၂ ဒသမ ၅ ရာခိုင်နှုန်းရှိကာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံနီးပါးအထိ မြင့်တက်လာခဲ့ကြောင်း၊ ဖိနပ်တင်ပို့မှုမှာလည်း အကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ ၉၅၀ သန်းအထိ ရောက်ရှိကာ ၈၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဖော်ပြထားသည်။

ထုပ်ပိုးမှုနှင့်အစားအစာဘေးကင်းရေးညွှန်းကိန်းများဆိုင်ရာ တင်းကြပ်သောလိုအပ်ချက်များနှင့်ကိုက်ညီသည့် ဗီယက်နမ် လယ်ယာထွက်ကုန်များ၏ ထုတ်ကုန်အရည်အသွေးနှင့်အတူ ကမ္ဘာ့စားသုံးမှုဝယ်လိုအား ပြန်လည်ကောင်းမွန်လာခြင်းကြောင့် သိသိသာသာတိုးလာကြောင်း သိရသည်။

ယခုနှစ်ကုန်ပိုင်းအတွင်း စားသုံးသူဝယ်လိုအားမြင့်မားမှုကြောင့် ယခုနှစ်လက်ကျန်လများတွင်လည်း ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းရှိ တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ဆက်လက်အားကောင်းနေမည်ဟု ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ထို့ပြင် အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက် (ACFTA)နှင့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (RCEP) ကဲ့သို့သော နှစ်နိုင်ငံနှင့် ဘက်စုံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များသည် ဗီယက်နမ်ကုန်ပစ္စည်းများ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရန် အခွင့်အလမ်းများစွာဖန်တီးရန် မျှော်လင့်ကြောင်း ဖော်ပြထားသည်။

အမေရိကန်နှင့် EU တို့၏ ကုန်သွယ်ရေးတင်းမာမှု၊ သဘော်ခစရိတ်ကြီးမြင့်မှုများကြောင့် တရုတ်ကုမ္ပဏီအများအပြားသည် အိမ်နီးချင်းဒေသများတွင် ကုန်ပစ္စည်းတင်သွင်းမှုများကို ရှာဖွေလျက်ရှိပြီး ဗီယက်နမ်နိုင်ငံအား ထိပ်တန်းရွေးချယ်မှုအဖြစ် ရွေးချယ်လာကြောင်း တွေ့ရသည်။

ဗီယက်နမ်ဈေးကွက်မှ အုန်းသီးလတ်လတ်ဆတ်ဆတ်များ တင်ပို့မှုဆိုင်ရာ ပရိုတိုကော လက်မှတ်ရေးထိုးခြင်းသည် ပို့ကုန်လုပ်ငန်းရှင်များအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ မှ သန်း ၄၀၀ ကြား ဝင်ငွေရလိမ့်မည်ဟု စက်မှုလုပ်ငန်းရှင်များက မျှော်လင့်ထားကြောင်း ဖော်ပြထားသည်။

**Source: VOV**

**(စီးပွားရေးသံမှူး၊ဗီယက်နမ်)**

https://myantrade.gov.mm/

## STOCK EXCHANGE (20.8.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,348 (Shares) | 29,819,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | -100 | -1.10% | 9,000 | 9,000 | 8,900 | 471 | 4,229,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,550 | +0 | +0.00% | 3,500 | 3,550 | 3,500 | 693 | 2,445,550 | 38,929,150 | 138,199 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 0 | 0 | 10,400,986 | 88,408 |
| FPB | 00004 | 1,800 | +50 | +2.86% | 1,750 | 1,800 | 1,750 | 10,527 | 18,763,600 | 29,664,613 | 53,396 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 100 | 285,000 | 12,823,224 | 36,546 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 817 | 1,398,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 217 | 998,200 | 10,497,598 | 48,289 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,250 | 3,250 | 3,250 | 523 | 1,699,750 | 23,804,946 | 77,366 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 20th Aug. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 410.96 | -0.34 | -0.08% | 409.74 | 410.96 | 407.98 | 13,348 | 29,819,850 | 8 | 775,151 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 20th Aug. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,139 (Shares) | 28,998,550 (MMK) |

| MYANPIX | 409.21 ▼ 2.09 |
|---|---|
| Total Volume (shares) | 13,139 |
| Total Value (MMK) | 29 mil |
| Listed Company | 8 |
| Market Cap. (MMK) | 771,840 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 200 |
| MTSH | 00002 | 3,550 | ▲ 0 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 50 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 50 |